*Volume 3 / Issue 3 / March / 2010*

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## အဘဘုရားသခင်ထံဆုတောင်းသောအခါ

***ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသော သူတို့အား၊ ကောင်းသော အရာ ကိုသာ၍ပေးတော်မူမည် မဟုတ်လော၊ (မဿဲ၊ ၇း၁၁)***

★ ခွန်အား တောင်းသောအခါ…

ဘုရားသခင်သည်ကျွန်တော်တို့အားသန်မာစေရန် အခက်အခဲ များကိုကျော်လွှားစေသည်။

★ ဉာဏ်ပညာ တောင်းသောအခါ…

ဘုရားသခင်သည် ကျွန်တော်တို့အား ဖြေရှင်းစေရန် ပြဿနာ များကို ဖြေရှင်းစေသည်။

★ ရဲစွမ်းသတ္တိ တောင်းသောအခါ…

ဘုရားသခင်သည်ကျွန်တော်တို့အား ကျော်လွှားစေရန် အန္တရာယ်များကို ရင်ဆိုင်စေသည်။

★ ချစ်ခြင်းမေတ္တာ တောင်းသောအခါ…

ဘုရားသခင်သည်ကျွန်တော်တို့အား ကူညီမစရန် ဒုက္ခရောက်နေသူများကို ပို့ပေးသည်။

★ သာယာဝပြောခြင်း တောင်းသောအခါ…

ဘုရားသခင်သည်ကျွန်တော်တို့အား အလုပ်လုပ်စေရန် ဗလငါးတန်ကို ချပေးသည်။

★ အထူးခံစားခွင့် တောင်းသောအခါ…

ဘုရားသခင်သည် ကျွန်တော်တို့အား လျှောက်လှမ်းစေရန် အခွင့်အလမ်းကို ဖွင့်ပေးသည်။



မေတ္တာတော်ရှင်အဖဘုရားသခင်သည်
ကျွန်တော်တို့**လိုချင်သော**အရာရာတိုင်းကိုချပေးလေ့ပေးထမရှိ။
သို့သော်လည်းကျွန်တော်တို့**လိုအပ်သော**အရာရာတိုင်းကိုမူကား
ချပေးသနားတော်မူသည်။

John Ma, B.C.F

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

## Easter Special Events

### Palm Sunday



Date - March 28, 2010
Time- 2:00 PM
Place - 1555 E. Colorado Blvd.
Pasadena, CA 91106

### Combine Easter Sunrise Service



Date - April 04, 2010
Time - 6:00 AM
Place - Granada Park, 2233. Whitney Dr.
Alhambra, CA 91803

### Easter Service



Date - April 04, 2010
Time - 2:00 PM
Place - 1555 E. Colorado Blvd.
Pasadena, CA 91106

Jesus said, "I am the resurrection and the life. He who believes in me will live, even though he dies; and whoever lives and believes in me will never die. Do you believe this?"

# အရေးပါ၍ ကြီးကျယ် ထင်ရှားသော မဟာထမြောက်တော်မူရာနေ့မှ ကောင်းကင်ဘုံသို့



သမ္မာကျမ်းစာ တော်မြတ်၌ လွန်ခဲ့သော နှစ်ပေါင်း(၂၀၀၀) ကျော် အချိန်က၊ သခင်ယေရှု၏ တပည့်တော် တစ်ဦးဖြစ်သော ရှင်မာကုသည် သခင်ယေရှုခရစ်တော်၏ သေခြင်းမှ ရှင်ပြန် ထမြောက် တော်မူရာနေ့ အာရုဏ်ဦးမှစ၍ ဖြစ်ရပ်မှန်ကို ရှင်မာကုခရစ်ဝင်ကျမ်းစောင်၏ အခန်းကြီး ၁၆ တွင်၊ အသေးစိတ် တိကျစွာ ရေသား ပြုစု ခဲ့ပါသည်။ သမ္မာကျမ်းစာ တော်မြတ်သည် ဘုရားသခင် မှုတ်သွင်း တော်မူသောအားဖြင့် ဖြစ်၍၊ တရားကိုသွန်သင်ခြင်းနှင့်ကျေးဇူးများကိုပြုတတ်သဖြင့်၊ မပျောက်မပျက် တည်ရှိပေ၏။ လောကီသား ခပ်သိမ်းတို့ အတွက်၊ ရှင်ပြန်ထမြောက် တော်မူရာ နေ့သည် တုန်လှုပ် ခြောက်ခြားဘွယ် ကောင်းလောက်အောင် ကမ္ဘာကို ရိုက်ခတ်သွားပေသည်။

## မဟာကြင်နာမှုအပြည့်အဝဖြင့်အမျိုးသမီးတစ်စုသခင်၏သင်္ချိုင်းတော်သို့၊–(မာကု၊၁၆း၁–၃)

ဥပုသ်နေ့လွန်မှ မာဂဒလမာရိ၊ ယာကုပ်၏ အမိဖြစ်သော မာရိနှင့် ရှာလုံတို့သည်သွား၍၊ အလောင်းတော်ကို လိမ်းခြင်းငှါ နံ့သာမျိုးကို ဝယ်ပြီးလျှင်၊– ခုနစ်ရက်တွင် ပဌမနေ့ရက် နံနက်စောစော၊ နေထွက်သော အချိန်၌ သင်္ချိုင်းတော်သို့သွားကြ၏။– ထိုမိန်းမတို့က၊ တွင်းဝ၌ ပိတ်သော ကျောက်ကို အဘယ်သူ လှိမ့်လှန်၍ ပေးမည်နည်းဟု အချင်းချင်း ပြောဆိုပြီးမှ ကြည့်ရှုလျှင်၊ ထိုကျောက်သည် လှိမ့်လှန် လျက် ရှိသည်ကို မြင်ကြ၏။–

## မဟာအံ့သြဘွယ်ရာကို မြင်တွေ့ခြင်း၊– (မာကု၊ ၁၆း၄–၅)

ထိုကျောက်ကား အလွန်ကြီးသောကျောက်ဖြစ်သတည်း။– မိန်းမတို့သည်တွင်းထဲသို့ ဝင်ကြပြီး လျှင်၊ လုလင် တယောက်သည် ဖြူစင်ရှည်လျားသော အင်္ကျီကိုဝတ်လျက် လက်ျာဘက်၌ ထိုင်သည် ကို မြင်၍ ထိတ်လန့် မိန်းမောခြင်းသို့ ရောက်ကြ၏။–

## မဟာကြွေးကြော်ကြေငြာချက်၊– (မာကု၊ ၁၆း၆–၈)

ထိုသူကလည်း၊ ထိတ်လန့်မိန်းမောခြင်းမရှိကြနှင့်။လက်ဝါးကပ်တိုင်မှာသတ်သောနာဇရက် မြို့သား ယေရှုကို သင်တို့ရှာကြ၏။ ထိုသူသည် ထမြောက်တော်မူပြီ။ ဤအရပ်၌မရှိ အလောင်းတော် ထားရာအရပ်ကိုကြည့်ကြလော့။– သင်တို့ရှေ့ဂါလိလဲပြည်သို့ ကြွတော်မူကြောင်းကို၊ ပေတရုမှစ၍ တပည့် တော် တို့အားသွား၍ပြောကြလော့။ အထက်ကမိန့်တော်မူသည်အတိုင်း၊ ထိုပြည်၌သင်တို့သည် ကိုယ် တော် ကို တွေ့မြင်ရကြလိမ့်မည်ဟု ပြောဆို၏။– ထိုမိန်းမတို့သည်လည်း၊ သင်္ချိုင်းတော်မှထွက်၍ တုန်လှုပ် လျက်၊ မိန်းမောတွေဝေလျက် ပြေးကြ၏။ ကြောက်လန့် သောကြောင့် အဘယ်သူကိုမျှ မပြောမဆိုကြ။

## မဟာထင်ရှားစွာကိုယ်ထင်ပြခြင်း၊– (မာကု၊ ၁၆း၉–၁၄)

### မာဂဒလမာရိ ၊–(မာကု၊ ၁၆း ၉–၁၁)

ကိုယ်တော်သည် ခုနစ်ရက်တွင်ပဌမနေ့ရက်စောစောအချိန်၌ထမြောက်ပြီးမှ၊အထက်ကနတ်ဆိုး ခုနစ်ယောက်ကို နှင်ထုတ်တော်မူသော မာဂဒလမာရိအား ရှေ့ဦးစွာ ကိုယ်ကိုပြတော်မူ၏။ မာရိလည်း သွား၍ ကိုယ်တော်နှင့်ပေါင်းဘော်သောသူတို့သည် ညည်းတွားငိုကြွေးလျက် နေကြစဉ်တွင်၊ သူတို့အား ထိုသိတင်းကို ကြားပြောလေ၏။– ကိုယ်တော်သည် အသက်ရှင်တော်မူသည်ကိုငင်း၊မာရိသည်ကိုယ်တော် ကိုမြင်ရသည်ကိုငင်း၊ သူတို့သည် ကြားလျှင်မယုံကြ။

### တပည့်တော်(၂)ယောက်၊–(မာကု၊ ၁၆း၁၂–၁၃)

ထိုနောက်တပည့်တော်နှစ်ယောက်တို့သည် တောရွာသို့သွားစဉ်တွင်ကိုယ်တော်သည် ခြားနား သောအယောင်ကိုဆောင်လျက် ကိုယ်ကိုပြတော်မူ၏။– သူတို့သည် ပြန်လာ၍ အခြားသောတပည့်တော် တို့အား ထိုသိတင်းကိုကြားပြောသော်လည်း မယုံဘဲနေကြ၏။

### တပည့်တော်(၁၁)ယောက်၊– (မာကု၊ ၁၆း၁၄)

ထိုနောက် တကျိပ်တပါးသောသူတို့သည် စားပွဲ၌လျောင်းကြစဉ်တွင်ကိုယ်တော်ကိုပြတော်မူ၍၊ ထမြောက်လျက်ရှိသော ကိုယ်တော်ကို မြင်သောသူတို့၏ စကားကို မယုံသောကြောင့် သူတို့ မယုံတတ် သောစိတ်၊ ခိုင်မာသောစိတ်ကို ဆုံးမ၍အပြစ်တင်တော်မူပြီးမှ၊–

## မဟာစေခိုင်းတော်မူချက်၊– (မာကု၊ ၁၆း၁၅–၁၈)

သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့။– ယုံကြည်၍ ဗတ္တိဇံ ကိုခံသောသူသည်ကယ်တင်တော်မူခြင်း သို့ရောက်လတံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတံ့။– ယုံကြည်သော သူတို့၌ ဖြစ်အံ့သောနိမိတ် လက္ခဏာဟူမူကား၊ ငါ၏နာမကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်ကြလတံ့။– ထူးခြား သောဘာသာစကား မျိုးတို့ကို ပြောကြလတံ့။– မြွေတို့ကိုဘမ်းကိုင်ကြလတံ့။– သေစေတတ် သော အဆိပ်အတောက်ကို သောက် စား လျှင် ဘေးဥပဒ်နှင့်ကင်းလွတ်ကြလတံ့။– မကျန်းမမာသော သူတို့ အပေါ်မှာ လက်ကိုတင်၍ ချမ်းသာ ပေးကြလတံ့ဟု မိန့်တော်မူ၏။

## ဤလောကမှမဟာနိဂုံး၊– (မာကု၊ ၁၆း၁၉–၂၀)

### သခင်ခရစ်တော်ကောင်းကင်ဘုံသို့ကြွမြန်းတော်မူခြင်း၊–(မာကု၊ ၁၆း၁၉)

ထိုသို့သခင်ဘုရားသည် တပည့်တော် တို့အား မိန့်တော်မူ ပြီးမှ၊ ကောင်းကင်ဘုံသို့ ဆောင် ယူခြင်းကို ခံတော်မူ၍ ဘုရားသခင်၏ လက်ျာတော် ဘက်၌ ထိုင်နေ တော်မူ၏။–

### ဧဝံဂေလိတရားတော်မြတ်ကိုဟောပြာခြင်း၊– (မာကု၊ ၁၆း၂၀)

တပည့်တော်တို့သည်လည်း ထွက်သွား၍၊သခင်ဘုရားသည် မစတော်မူသည်နှင့်ငင်း၊ သူတို့၌ ဖြစ်သော နိမိတ် လက္ခဏာ အားဖြင့် နှုတ်ကပတ် တရားတော်ကို တည်စေ တော်မူသည်နှင့်ငင်း၊ ခပ်သိမ်း သော အရပ်တို့၌ တရားဟောကြ၏။

အမှုတော်မြတ်၌၊–ရီရီအေး

-----------------------------------------------------------------------------------------------------------